စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၁၂/ ၂၀၂၃)  ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၂၀) ရက်

| ၂၀-၇-၂၀၂၃ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂၁၀၀.၀ |
| ယူရို | ၂၃၅၄.၄ |
| စင်္ကာပူဒေါ်လာ | ၁၅၈၈.၃ |
| စတာလင်ပေါင် | ၂၇၁၂.၂ |
| ဂျပန်ယန်း (၁၀၀) | ၁၅၀၆.၉ |
| တရုတ်ယွမ် | ၂၉၂.၉၆ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၈.၇၉ |
| အိန္ဒိယရူပီး | ၂၅.၆၂၇ |
| ကိုရီးယားဝမ် (၁၀၀) | ၁၆၂.၃၁ |
| မလေးရှား ရင်းဂစ် | ၄၆၂.၂၅ |
| ဖိလစ်ပိုင်ပီဆို | ၃၈.၅၀၄ |
| ထိုင်းဘတ် | ၆၁.၇၈၃ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၈၇၈၂ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

- အိန္ဒိယအစိုးရသည် ကြက်သွန်နီ အရန်သိုလှောင်မှုအနေဖြင့် ယခင်နှစ်ထက် ၂၀ ရာခိုင်နှုန်းပိုမိုပြီး တန်ချိန် ၃ သိန်း ဝယ်ယူသွားမည်
- အိန္ဒိယစားသုံးသူများအတွက် ဩစတြေးလျနှင့် ဘရာဇီးလ်နိုင်ငံတို့မှ ပဲစဉ်းငုံစိုက်ပျိုးသွားမည်
- အိန္ဒိယသည် ဆန်အမျိုးအစားများစွာ တင်ပို့မှုကို ပိတ်ပင်နိုင်သည်ဟု The Economic Times သတင်းစာက သုံးသပ်
- အင်ဒိုနီးရှားမှ နာနတ်သီးများကို တရုတ်နိုင်ငံသို့ တက်ကြွစွာ တင်ပို့နေ
- တရုတ်နိုင်ငံတွင် ကော်ဖီသောက်သုံးသည့် ယဉ်ကျေးမှု ပိုမိုပျံ့နှံ့လာ

- **အထွေထွေသတင်းများ**

- တရုတ်နိုင်ငံသည် နိုင်ငံတကာကုန်သွယ်ရေးစည်းမျဉ်းများနှင့် လိုက်လျောညီထွေဖြစ်စေရန် ခြေလှမ်းများစတင်နေ

## အိန္ဒိယအစိုးရသည် ကြက်သွန်နီ အရန်သိုလှောင်မှုအနေဖြင့် ယခင်နှစ်ထက် ၂၀ ရာခိုင်နှုန်း ပိုမိုပြီး တန်ချိန် ၃ သိန်း ဝယ်ယူသွားမည်

အိန္ဒိယ အစိုးရသည် ကြက်သွန်နီ အရန်သိုလှောင်မှုအနေဖြင့် ယခင်နှစ်ထက် ၂၀ ရာခိုင်နှုန်း ပိုမိုပြီး တန်ချိန် ၃ သိန်းဝယ်ယူသွားမည်ဖြစ်ပါကြောင်း၊ ထို့အတူ ကြက်သွန်နီအားပိုမို ကြာမြင့်စွာ သိုလှောင်ထားရှိနိုင်ရန်အတွက် Bhadha အဏုမြူ သုတေသနစင်တာနှင့်အတူ အဏုမြူဓာတ်ရောင်ခြည်ပေးစပ်းသပ်ခြင်းများကို ဆောင်ရွက်နေကြောင်း စားသုံးသူရေးရာဌာန အတွင်းဝန်ဖြစ်သူ Rohit Kumar က တနင်္ဂနွေနေ့တွင် ပြောကြားထားကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

၂၀၂၂-၂၃ ဘဏ္ဍာနှစ်တွင် အိန္ဒိယအစိုးရက ကြက်သွန်နီအရန်သိုလှောင်မှုအနေဖြင့် တန်ချိန် ၂.၅၁ သိန်း ဝယ်ယူသိုလှောင်ခဲ့ပါကြောင်း၊ အဆိုပါ ကြက်သွန်အရန်ဝယ်ယူမှုကို ဈေးနှုန်းတည်ငြိမ်ရေးရန်ပုံငွေ (Price Stabilization Fund – PSF) အောက်မှ ဝယ်ယူခြင်းဖြစ်ပါကြောင်းနှင့် ကြက်သွန်နီ ရာသီချိန်မဟုတ်သည့် အထွက်နှုန်းနည်းပါးသည့်အချိန်တွင်ဈေးနှုန်းများ ကြီးမြင့်ခြင်းကဲ့သို့သော လတ်တလော အရေးပေါ်ကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်နိုင်ရန် အတွက်ဖြစ်ပါကြောင်း၊ ပွဲတော်အချိန်ကာလ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ကြက်သွန်နီ အရန်တန်ချိန် ၃ သိန်းထိ တိုးမြှင့်ဝယ်ယူထားသဖြင့် ယခုနှစ်တွင် ကြက်သွန်နီနှင့် စပ်လျဉ်းပြီး စိုးရိမ်စရာမရှိဟု Singh က ပြောကြားထားကြောင်း သိရှိရပါသည်။

ဆောင်းရာသီ ကြက်သွန်နီ အရန်သိုလှောင်ရန် ဝယ်ယူမှုမှာ ပြီးမြောက်ပြီးဖြစ်ပါကြောင်းနှင့် ယခုအခါ မိုးရာသီကြက်သွန်မှာ စိုက်ပျိုးစဲဖြစ်ပြီး အောက်တိုဘာလတွင် ဈေးကွက်အတွင်း စတင်ရောက်ရှိလာမည်ဖြစ်ကြောင်း၊ ပုံမှန်အားဖြင့် မိုးကြက်သွန်များ ဈေးကွက်မရောက်ရှိမီ ရက် ၂၀ ခန့်အလို၌ လက်လီဈေးကွက်တွင် ကြက်သွန်နီဈေးနှုန်းမှာ ကြီးမြင့်လေ့ရှိသော်လည်း ယခုနှစ်တွင် ထိုကဲ့သို့အခက်အခဲမျိုး ရှိမည်မဟုတ်ကြောင်း၊ တချိန်တည်းတွင် စားသုံးသူရေးရာဝန်ကြီးဌာန၊ Bhadha အဏုမြူစွမ်းအင်သုတေသနဌာနနှင့် အဏုမြူစွမ်းအင်ဦးစီးဌာန တို့ပူးပေါင်း၍ ကြက်သွန်နီသိုလှောင်သည့် နည်းပညာကို စမ်းသပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှေ့ပြေးစမ်းသပ်မှုအဖြစ် ကြက်သွန်နီတန်ချိန် ၁၅၀ ကို ကိုဗော့သတ္တု – ၆၀ မှ ဂမ္မာဓာတ်ရောင်ခြင်ဖြင့် စမ်းသပ်ခြင်းအား Maharashtra ပြည်နယ်၊ Lasalgaon မြို့တွင် ဆောင်ရွက်ထားပါကြောင်းနှင့် ကြက်သွန်နီ သိုလှောင်နိုင်မှုကာလကို ပိုမိုဆောင်ရွက်နိုင်စေမည်ဖြစ်ကြောင်း Singh က ပြောကြားထားပါသည်။

အိန္ဒိယနိုင်ငံ၏ ကြက်သွန်နီ စိုက်ပျိုးထွက်ရှိမှု၏ ၆၅ ရာခိုင်နှုန်းမှာ ဧပြီလနှင့် မေလအတွင်း ထွက်ရှိသည့် ဆောင်းကြက်သွန်မှဖြစ်ပြီး ယင်းကြက်သွန်နီများသည် မိုးကြက်သွန်ထွက်ရှိသည့်

Agribusiness & Trade

အောက်တိုဘာလနှင့် နိုဝင်ဘာလများအထိ ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပါကြောင်း၊ အစိုးရ၏ စာရင်းအင်းအချက်အလက်ဖော်ပြချက်များအရ အိန္ဒိယနိုင်ငံအနှံ့ ပျမ်းမျှကြက်သွန်နီ လက်လီဈေးနှုန်းမှာ ဇူလိုင် ၁၅ ရက်နေ့တွင် ၁ ကီလိုဂရမ်လျှင် ၂၆.၇၉ ရူပီး ( 900 ကျပ်) ခန့်ရှိပြီး အများဆုံးဈေးနှုန်းမှာ ၁ ကီလိုဂရမ်လျှင် ၆၅ ရူပီး ( ၂၂၇၅ ကျပ်ခန့်) မှ အနည်းဆုံး ဈေးနှုန်းမှာ ၁ ကီလိုဂရမ်လျှင် ၁၀ ရူပီး (၃၅၀ ကျပ်ခန့်) ဖြစ်ကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

အိန္ဒိယနိုင်ငံသည် ပြည်သူလူထုအပေါ်သက်ရောက်မှုရှိနိုင်သည့် အခြေခံစားသောက်ကုန်များကို ဈေးနှုန်းတည်ငြိမ်မှုရှိစေရန်အတွက် ရန်ပုံငွေဖြင့် ကြိုတင်ဝယ်ယူစုဆောင်းသိုလှောင်ထားလေ့ရှိသည် ကိုတွေ့ရှိရပါသည်။ ထို့အပြင်စိုက်ပျိုးရေးသီးနှံများ ကြာရှည်သိုလှောင်ထားရှိနိုင်ရေး စမ်းသပ်ဆောင်ရွက်ခြင်းသည် စိုက်ပျိုးရေးထုတ်ကုန်များအတွက် လေလွင့်ဆုံးရှုံးမှုများကိုလျှော့ချနိုင်ပြီး ပြည်ပဈေးကွက်ရရှိမှုတို့အတွက်များစွာ အထောက်အကူပြုနိုင်မည်ဖြစ်သဖြင့် မြန်မာနိုင်ငံတွင်လည်း သင့်လျော်သည့် သီးနှံသိုလှောင်သည့် စနစ်များကို စမ်းသပ်ဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

Source: Govt procures 3 lakh tonnes of onion for buffer stock; 20% higher than last year, The Economic Times,

မျိုးမြင့်မောင်
စီးပွားရေးသံမှူး၊ နယူးဒေလီမြို့

.........................................................................

## အိန္ဒိယ စားသုံးသူများအတွက် ဩစတြေးလျနှင့် ဘရာဇီးလ်နိုင်ငံတို့မှ ပဲစဉ်းငုံ စိုက်ပျိုးသွားမည်

နှစ်အနည်းငယ်တိုင်အောင် ပြည်တွင်းပဲထုတ်လုပ်မှုထက် စားသုံးမှုပိုမိုများပြားနေသော အိန္ဒိယစားသုံးသူဈေးကွက်အတွက် ဩစတြေးလျနှင့် ဘရာဇီးလ်နိုင်ငံမှ တောင်သူများသည် ပဲစဉ်းငုံကို စမ်းသပ်စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

ဩစတြေးလျ စိုက်ပျိုးရေးဝန်ကြီး Murray Watt နှင့် အိန္ဒိယ စားနပ်ရိက္ခာဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် အိန္ဒိယပဲမျိုးစုံနှင့် ကောက်ပဲသီးနှံအသင်း (Indian Pulses and Gains Association –IPGA) မှ ကိုယ်စားလှယ်များ မကြာခင်က တွေ့ဆုံခဲ့ကြပါကြောင်းနှင့် ဩစတြေးလျ ပဲကုန်သည်အသင်း၏အကူအညီနှင့်အတူ ဩစတြေးလျနိုင်ငံ၊ Queensland ပြည်နယ်တွင် ပဲစဉ်းငုံ

စိုက်ပျိုးနိုင်ရေးအတွက် IPGA မှ လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးရန် ဆုံးဖြတ်ခဲ့ကြသည်ဟု အဆင့်မြင့်အရာရှိကြီးများထံမှ သိရှိရပါကြောင်း၊ ထိုအပြင် သြစတြေးလျနိုင်ငံသည် အိန္ဒိယနိုင်ငံသို့ ကုလားပဲအများဆုံးတင်သွင်းနိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း ယခုအခါအိန္ဒိယသည် ကုလားပဲအား တင်သွင်းခြင်းမရှိတော့သဖြင့် ပဲစဉ်းငုံအားစိုက်ပျိုးသင့်သည်ဟု သြစတြေးလျ လုပ်ငန်းရှင်များကို အကြံပြုခဲ့သည်ဟုလည်း အဆင့်မြင့်အရာရှိကြီးက The Economic Times သတင်းစာသို့ ပြောကြားထားကြောင်း ဖော်ပြထားပါသည်။

IPGA ၏ အမှုဆောင်အရာရှိဖြစ်သူ Satish Upadhyay ကလည်း သြစတြေးလျနိုင်ငံသည် ၂၀၁၉ ခုနှစ်ကတည်းက ပဲစဉ်းငုံကို စမ်းသပ်စိုက်ပျိုးခဲ့ပြီးဖြစ်ပါကြောင်းနှင့် အရည်အသွေးမှာ ကောင်းမွန်မှု ရှိပါကြောင်း၊ သို့ရာတွင် အိန္ဒိယနိုင်ငံရှိ ပဲဈေးနှုန်းများမှာ ၎င်းတို့အတွက် ဆွဲဆောင်နိုင်မှုမရှိသဖြင့် ဆက်လက်စိုက်ပျိုးခြင်းမရှိခဲ့ပါကြောင်း၊ ယခုအခါ အိန္ဒိယဈေးကွက်အတွက် ပဲစဉ်းငုံကို ပြန်လည်စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်း၊ သို့ရာတွင် သြစတြေးလျဘက်မှ အိန္ဒိယအစိုးရ၏ အမှာစာများ ခိုင်မာမှုရှိစေလိုကြပါကြောင်းနှင့် သို့မှသာ ပဲစဉ်းငုံစိုက်ပျိုးမှုအစီအစဉ်မှာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်း၊ အခြားတစ်ဘက်တွင်လည်း အိန္ဒိယနိုင်ငံ၏ ပဲစဉ်းငုံထုတ်လုပ်မှုနှင့် စားသုံးမှုအကြားကွာဟချက်မှာ တန်ချိန် ၁၇ သိန်းခန့်ရှိသဖြင့် ပဲစဉ်းငုံရောင်းချသူ မည်သူမဆိုအတွက် ဈေးကွက်မှာခိုင်မာမှု ရှိသည်ဟု အရာရှိကြီးက ပြောကြားထားကြောင်းလည်း ဖော်ပြထားပါသည်။

ယခုနှစ် အစောပိုင်းတွင်လည်း IPGA သည် ပဲစဉ်းငုံစိုက်ပျိုးမှုကို ကူညီရန်အတွက် ဘရာဇီးလ်နှင့် သဘောတူညီချက်လက်မှတ်ရေးထိုးခဲ့ပါကြောင်းနှင့် ပဲစဉ်းငုံသည် ဘရာဇီးနိုင်ငံအတွက် သီးနှံအသစ်ဖြစ်ကြောင်း The Economic Times ကဖော်ပြထားပါသည်။

The Economic Times သတင်းစာတွင် ဖော်ပြချက်များအရ အိန္ဒိယနိုင်ငံသည် ပဲစဉ်းငုံလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် နည်းလမ်းမျိုးစုံရှာဖွေလျက်ရှိပြီး ဖြစ်နိုင်ခြေအလား အလာရှိသည့်နိုင်ငံများနှင့် ဆွေးနွေးညှိနှိုင်း၍ သဘောတူညီမှုများ ရယူဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ လတ်တလောတွင် သြစတြေးလျနှင့် ဘရာဇီးလ်တို့မှာ ပဲစဉ်းငုံကို စမ်းသပ်စိုက်ပျိုးမည့်အဆင့်သာရှိသေးသဖြင့် စိုးရိမ်စရာမရှိသော်လည်း ပဲဈေးကွက်ခိုင်မာမှုရှိ၍ အဆိုပါနိုင်ငံများမှ ခေတ်မီနည်းပညာများနှင့်ပေါင်းစပ်ပြီး ပဲစဉ်းငုံအမြောက်အများ စိုက်ပျိုးထုတ်လုပ်လာမည်ဆိုပါက မြန်မာနိုင်ငံ၏ ပဲစဉ်းငုံဈေးကွက်အပေါ် သက်ရောက်မှုများ ရှိလာနိုင်သဖြင့် လေ့လာစောင့်ကြည့်သင့်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

Source : Australia, Brazil to grow Arhar dal for Indian Consumers, The economic Times,

မျိုးမြင့်မောင်

စီးပွားရေးသံမှူး၊ နယူးဒေလီမြို့

Agribusiness & Trade

## အိန္ဒိယသည် ဆန်အမျိုးအစားများစွာ တင်ပို့မှုကို ပိတ်ပင်နိုင်သည်ဟု The Economic Times သတင်းစာက သုံးသပ်

အစားအသောက်နှင့် ကုန်ဈေးနှုန်းများ တစ်ရှိန်ထိုး မြင့်တက်လာပြီးနောက် အိန္ဒိယသည် ဆန်အမျိုးအစားများစွာအား တင်ပို့မှုပိတ်ပင်ရန် စဉ်းစားလျက်ရှိသည်ဟု Bloomberg သတင်းဌာနက အစီရင်ခံတင်ပြထားကြောင်းနှင့် ကမ္ဘာ့ဆန်တင်ပို့မှုအများဆုံးဖြစ်သော အိန္ဒိယနိုင်ငံ၏ ယခုဆောင်ရွက်ချက်သည် အယ်နီညို၏ ရိုက်ခတ်မှုကြောင့် ဈေးနှုန်းကြီးမြင့်နေသည့် အခြေခံစားသောက်ကုန်များ၏ ဈေးနှုန်းကို ပိုမိုမြင့်တက်စေမည်ဖြစ်ပါကြောင်း The Economic Times သတင်းစာက သုံးသပ်ထားပါသည်။

ဝန်ကြီးချုပ် နာရိန်ဒြာမိုဒီ ဦးဆောင်သည့် အစိုးရသည် ငွေကြေးဖောင်းပွမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့်ဘေးအန္တရာယ်များကို ရွေးကောက်ပွဲမတိုင်မီရှောင်ရှားလိုကြကြောင်းနှင့် ဘာစမာတီမဟုတ်သည့် ဆန်များ၏ ပြည်ပတင်ပို့မှု ပိတ်ပင်မည့်အစီအစဉ်အား ဆွေးနွေးလျက်ရှိကြောင်း၊ ဆန်တင်ပို့မှုတားမြစ်ချက်သည် အိန္ဒိယနိုင်ငံမှ တင်ပို့သည့် ဆန်အားလုံး၏ ၈၀ ရာခိုင်နှုန်းခန့်အားသက်ရောက်မှုရှိနိုင်မည်ဖြစ်ကြောင်းနှင့် ယင်းဆောင်ရွက်ချက်သည် အိန္ဒိယပြည်တွင်းဆန် ဈေးနှုန်းကို ကျဆင်းစေနိုင်သော်လည်း ကမ္ဘာ့ဆန်ဈေးနှုန်းကိုမူ အပျက်သဘောဆောင်စေမည် ဖြစ်ပါကြောင်း၊ နိုင်ငံ၏ ဆန်အဓိကစိုက်ပျိုးသည့် ပြည်နယ်များတွင် ပုံမှန်မိုးရွာသွင်းမှုမရှိခြင်းကြောင့်ပြီးခဲ့သည့် ၁၀ ရက်အတွင်း ဆန်ဈေးနှုန်းကို ၂၀ ရာခိုင်နှုန်းအထိ မြင့်တက်စေခဲ့ကြောင်းလည်း ဖော်ပြထားပါသည်။

ကမ္ဘာ့ဆန်တင်ပို့မှု၏ ၄၀ ရာခိုင်နှုန်းကျော်ကို အိန္ဒိယမှ တင်ပို့လျက်ရှိပြီး ၂၀၂၂ ခုနှစ်တွင် ဆန်တန်ချိန် ၅၆ သန်း တင်ပို့ခဲ့ပါကြောင်း၊ သို့ရာတွင် ကုန်ပစ္စည်းလက်ကျန် လျော့နည်းခြင်းနှင့် တင်ပို့မှုများလျော့ချခြင်းသည် ပြီးခဲ့သည့်နှစ်တွင် ရာသီဥတုပြောင်းလဲခြင်းနှင့် ရုရှား-ယူကရိန်း ပဋိပက္ခများကြောင့် ဈေးနှုန်းမြင့်တက်နေသည့် စားသောက်ကုန်ဈေးနှုန်းများကို ပိုမိုကြီးမြင့်စေ မည်ဖြစ်ပါကြောင်း၊ ဆန်အတွက်အနိမ့်ဆုံးပံ့ပိုးသတ်မှတ်ဈေးနှုန်း အသစ်ချမှတ်မှုကြောင့် အိန္ဒိယနိုင်ငံ၏ ပြည်တွင်းဆန်ဈေးနှုန်းတက်လာသကဲ့သို့ အခြားသော ဆန်တင်ပို့သည့် နိုင်ငံများကလည်း ဈေးနှုန်းမြှင့်တင်လာကြပါကြောင်း၊ ဆန်သည် လူဦးရေ ၃ ဘီလီယံကျော်အတွက် အခြေခံစားသောက်ကုန်ဖြစ်ပါကြောင်းနှင့် စိုက်ပျိုးရေလိုအပ်ချက်များသည့် ဆန်စပါးစိုက်ပျိုးမှု၏ ၉၀ ရာခိုင်နှုန်းကျော်ကို အာရှတိုက်တွင် စိုက်ပျိုးခြင်းဖြစ်ပြီး ယခုနှစ်တွင် အယ်နီညိုကြောင့် မိုးရွာသွန်းမှုမှာ ပုံမှန်ထက်နည်းပါးလျက်ရှိကြောင်းလည်း သိရှိရပါသည်။

Agribusiness & Trade

ပြီးခဲ့သည့်နှစ်တွင် အိန္ဒိယသည် ဆန်ကွဲတင်ပို့မှုကို တားမြစ်ခဲ့ပါကြောင်းနှင့် ရုရှား-ယူကရိန်း ပဋိပက္ခများကြောင့် အခြေခံစားသောက်ကုန်များဖြစ်သည့် ဂျုံနှင့် ပြောင်းဈေးနှုန်းများ တစ်ရှိန်ထိုး မြင့်တက်ခဲ့ပြီးနောက် ဆန်ဖြူနှင့် ဆန်လုံးညို တင်ပို့မှုအပေါ်တွင် အခွန် ၂၀ ရာခိုင်နှုန်း ကောက်ခံခဲ့ပါ ကြောင်း၊ အိန္ဒိယအနေဖြင့် ဂျုံနှင့် ကြံတင်ပို့မှုများကိုလည်း တားမြစ်ထားပါကြောင်းနှင့် တင်သွင်းသူ များသည် အယ်နီညိုကြောင့် သီးနှံများပျက်ဆီးဆုံးရှုံးမည်ကို စိုးရိမ်သဖြင့် အခြေခံစားကုန်များ သိုလှောင်ခြင်းများ ဆောင်ရွက်လာသောကြောင့် အာရှတိုက်တွင် ဆန်ဈေးနှုန်းမှာ နှစ်နှစ်ကျော်ကာ လအတွင်း အမြင့်ဆုံးသို့ တစ်ဟုန်ထိုးရောက်ရှိခဲ့ပါကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

ယခုနှစ်တွင် အိန္ဒိယသည် ဆန်တင်ပို့မှုအား ပိတ်ပင်ခဲ့ပါက ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ကြီးမြင့် လာမည်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံမှဆန်များ ပြည်ပတင်ပို့နိုင်ရန်အတွက်လည်း အခွင့်အလမ်းကောင်း များရရှိလာမည်ဖြစ်ပါသည်။ သို့ရာတွင် ပြည်ပသို့ ဆန်တင်ပို့မှုများပါက ပြည်တွင်းဆန် ဈေးနှုန်းမှာ လည်း မြင့်တက်လာပြီး အခြေခံပြည်သူလူထုအပေါ် သက်ရောက်မှုရှိလာနိုင်သဖြင့် ပြည်ပဆန်တင် ပို့မှုမြှင့်တင်နိုင်ရေးဆောင်ရွက်သကဲ့သို့ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးကိုလည်း စီမံဆောင်ရွက်ထား သင့်ပါကြောင်း တင်ပြအပ်ပါသည်။

Source: India may ban exports of most rice varieties: Report, The Economic Times,

မျိုးမြင့်မောင်
စီးပွားရေးသံမှူး၊ နယူးဒေလီမြို့

## အင်ဒိုနီးရှားမှ နာနတ်သီးများကို တရုတ်နိုင်ငံသို့ တက်ကြွစွာ တင်ပို့နေ

အင်ဒိုနီးရှားနိုင်ငံသည် တစ်နှစ်ပတ်လုံး လုံလောက်သည့် နေရောင်ခြည်နှင့် အပူချိန်ရရှိခြင်း ကြောင့် နာနတ်သီးစည်သွတ်ဘူးများ ထုတ်လုပ်သည့် ပုဂ္ဂလိကကုမ္ပဏီကြီးဖြစ်သည့် PT Great Giant Pineapple (GGP) ၏ ကြီးမားကျယ်ပြန့်သည့် စိုက်ခင်းထဲ၌ နေ့စဉ်နာနတ်သီး အလုံး (၂၀၀,၀၀၀)ခန့်ကို ခူးဆွတ်လျက်ရှိကြောင်း သိရှိရပါသည်။

ဟက်တာ (၃၀,၀၀၀) ကျော်ရှိသည့် စိုက်ခင်းကြီးကို ဇုန်များပိုင်းခြားပြီး ဇုန်တစ်ခုစီရှိ နာနတ် သီးအားလုံးကို တစ်ပြိုင်တည်း ခူးဆွတ်နေသည်ဟု စိုက်ခင်းအုပ်စုတစ်ခုမှ စိုက်ပျိုးထုတ်လုပ်ရေး အလုပ်သမား Murdi Suprayitno က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

GGP မှ နာနတ်သီးထုတ်လုပ်မှု၏ (၅၀)ရာခိုင်နှုန်းခန့်ကို နိုင်ငံနှင့်ဒေသ (၆၀)ကျော်သို့ တင်ပို့လျက်ရှိပြီး နာနတ်သီးစည်သွတ်ဗူးများအပြင် လတ်ဆတ်သော နာနတ်သီး၊ နာနတ်ယို၊ နာနတ်သီးဖျော်ရည်များနှင့် စည်သွတ်ကော့တေးလ်ဗူးများကို ထုတ်လုပ်ကြောင်း သိရှိရပါသည်။

၂၀၂၂ ခုနှစ်၊ ဩဂုတ်လတွင် တရုတ်နိုင်ငံ၏ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (General Administration of Customs of China –GACC) သည် သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် အင်ဒိုနီးရှားနိုင်ငံမှ လတ်လတ်ဆတ်ဆတ် နာနတ်သီးများ တင်ပို့မှုကို ခွင့်ပြုသည့်အခြေပြစာချုပ်ကို ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

အင်ဒိုနီးရှားနိုင်ငံမှ လတ်ဆတ်သည့် နာနတ်သီးများသည် တရုတ်ဈေးကွက်သို့ တရားဝင်ဝင်ရောက်ခွင့်ရရှိပြီးသည်နှင့် GGP သည် ထုတ်လုပ်မှုစွမ်းရည်ကို မြှင့်တင်ရန်အတွက် နာနတ်ပင်များကို ထပ်မံတိုးချဲ့စိုက်ပျိုးခဲ့ကြောင်း၊ တရုတ်နိုင်ငံ၏ ပြည်တွင်း နာနတ်သီး ထုတ်လုပ်မှုသည်အကန့်အသတ်ရှိသဖြင့် တင်သွင်းသောနာနတ်သီးများအတွက် အလားအလာများစွာရှိကြောင်း GGP ၏ ဒါရိုက်တာတစ်ဦးဖြစ်သူ Welly Soegiono က ပြောကြားခဲ့ပါသည်။

GGP သည် GACC ခွင့်ပြုချက်ရပြီးနောက် လတ်ဆတ်သော နာနတ်သီးများကို တရုတ်နိုင်ငံသို့ ချက်ချင်းတင်ပို့ခဲ့ကြောင်း၊ ယခုအချိန်အထိ နာနတ်သီး မက်ထရစ်တန်ချိန် (၅၈၀) ကျော် တင်ဆောင်ထားသည့် အအေးခန်းကွန်တိန်နာ (၄၂)လုံးကို အင်ဒိုနီးရှားနိုင်ငံ၊ Lampung မှ တရုတ်နိုင်ငံတောင်ပိုင်းဆိပ်ကမ်းများသို့ တင်ပို့ထားပြီးဖြစ်သည်ဟု သိရှိရပါသည်။

အင်ဒိုနီးရှားနိုင်ငံမှ နာနတ်သီးများကို တရုတ်နိုင်ငံသို့တင်ပို့ရန် အချိန် (၈)ရက်မှ (၁၀)ရက်ခန့်ကြာမြင့်ကြောင်း၊ အခြားနိုင်ငံများရှိဆိပ်ကမ်းများတွင် ရပ်နားခြင်းကြောင့် လတ်ဆတ်သောသစ်သီးများ ပုပ်ခြင်းမှကာကွယ်ရန် အပူချိန် (10 C)အောက်တွင် ထားရှိရန်လိုအပ်ကြောင်း သိရှိရပါသည်။

မကြာသေးမီနှစ်များအတွင်း တရုတ်နှင့်အင်ဒိုနီးရှားနိုင်ငံတို့အကြား သစ်သီးကုန်သွယ်မှုသည် ပိုမိုအားကောင်းလာခဲ့ကြောင်း၊ အင်ဒိုနီးရှားမှ နာနတ်သီးတင်ပို့ခဲ့သည့် ကွန်တိန်နာများတွင် တရုတ်နိုင်ငံမှ ပန်းသီး၊ လိမ္မော်သီးနှင့် သစ်တော်သီးများကဲ့သို့ အင်ဒိုနီးရှား၌ စိုက်ပျိုးနိုင်ခြင်းမရှိသည့် အသီးအနှံများကို ပြန်လည်တင်ဆောင်လာကြောင်း သိရှိရပါသည်။

RCEP နှင့် China–ASEAN Free Trade Area တို့အရ အင်ဒိုနီးရှားမှ နာနတ်သီးထုတ်ကုန်များကို တရုတ်နိုင်ငံသို့ အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့လျက်ရှိကြောင်း၊ အကောက်ခွန်ရှင်းလင်းမှု မြန်ဆန်သောကြောင့် အင်ဒိုနီးရှား နာနတ်သီးများသည် တရုတ်စားသုံးသူများထံ မြန်ဆန်စွာရောက်ရှိသဖြင့် ဈေးကောင်းရရှိကြောင်း သိရှိရပါသည်။

Agribusiness & Trade

ဈေးကွက်သုတေသနပြုချက်အရ တရုတ်စားသုံးသူများသည် အရည်အသွေးပြည့်မီသော သစ်သီးဝလံများအတွက် ဈေးကောင်းပေးလိုကြပြီး စည်သွတ်ဘူးများထက် လတ်လတ်ဆတ်ဆတ်သစ်သီးများ စားသုံးခြင်းကို ပိုမိုနှစ်သက်ကြကြောင်း၊ အဆိုပါအချက်သည် သစ်သီးဝလံများ၏ အရည်အသွေးကို မြှင့်တင်ရန် တွန်းအားဖြစ်စေကြောင်း သိရှိရပါသည်။

လက်ရှိတွင် အင်ဒိုနီးရှားမှ နာနတ်သီးများကို တရုတ်နိုင်ငံတောင်ပိုင်းမှ မြောက်ပိုင်းအထိ ဈေးကွက်ချဲ့ထွင်ရန် ယုံကြည်စိတ်ချရသော ဖြန့်ဖြူးရောင်းချသူများကို ရှာဖွေခြင်းသာမက တရုတ်နိုင်ငံတွင် ကျင်းပသော ပြပွဲများတွင် ပါဝင်ပြသလျက်ရှိကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း နာနတ်သီးများကို တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ခွင့်ရရှိရေးအတွက် မြန်မာနိုင်ငံ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် General Administration of Customs of China တို့အကြား ညှိနှိုင်းဆောင်ရွက်လျက်ရှိရာ ခွင့်ပြုချက်ရရှိပြီးပါက လက်ရှိ တရုတ်ဈေးကွက်သို့ တင်ပို့လျက်ရှိသော နိုင်ငံများနှင့် အရည်အသွေးနှင့် ဈေးနှုန်းအရ ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန်နှင့် ဈေးကွက်ဝေစုရရှိစေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက် ထားသင့်ပါသည်။

ထို့အပြင် နှစ်နိုင်ငံအကြား နယ်နိမိတ်ချင်းထိစပ်နေသည့် အခွင့်အရေးကို အကျိုးရှိစွာ အသုံးချပြီး မြန်မာနိုင်ငံမှ လတ်ဆတ်နာနတ်သီးများကို နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းဈေးကွက်ကိုလည်းကောင်း၊ ရေကြောင်းမှတစ်ဆင့် တရုတ်နိုင်ငံအရှေ့ တောင်ပိုင်းဈေးကွက်ကိုလည်းကောင်း ထိုးဖောက်နိုင်ရေးအတွက် ထောက်ပံ့ပို့ဆောင်ရေး ကွန်ရက်များကိုပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ထားသင့်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

Source: www.chinadaily.com.cn/a/202307/15/WS64b1d2e6a31035260b81692a.html

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်း

…………………………………………………………………………………

## တရုတ်နိုင်ငံတွင် ကော်ဖီသောက်သုံးသည့် ယဉ်ကျေးမှု ပိုမိုပျံ့နှံ့လာ

မြို့နေလူတန်းစားများကြားတွင် ကော်ဖီသောက်သုံးမှု ရေပန်းစားလာခြင်းနှင့် ဝင်ငွေအလယ်အလတ်အုပ်စုများ များပြားလာခြင်းသည် တရုတ်နိုင်ငံ၏ ကော်ဖီကဏ္ဍတိုးတက်မှုကို လှုံ့ဆော်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

Agribusiness & Trade

Oolong၊ Longjing (Dragon Well)နှင့် Xinyang Maojian လက်ဖက်ရည်များ ထုတ်လုပ်သည့် တရုတ်နိုင်ငံ၌ စားသုံးသူများ၏ ကြိုက်နှစ်သက်မှုနှင့် စားသုံးမှုပုံစံများ တဖြည်းဖြည်းပြောင်းလဲလာသည်ကို တွေ့မြင်နေရကြောင်း သိရှိရပါသည်။

Starbucks နှင့် Costa ကဲ့သို့သော ကမ္ဘာ့ကော်ဖီဆိုင်ခွဲများနှင့် Luckin Coffee နှင့် Manner Coffee ကဲ့သို့သော ပြည်တွင်းကော်ဖီဆိုင်လုပ်ငန်းများအကြား ပြင်းထန်သော ပြိုင်ဆိုင်မှုတို့နှင့်အတူ တရုတ်နိုင်ငံ၏ ကော်ဖီစေ့ဝယ်လိုအား မြင့်တက်လာခြင်းသည် နိုင်ငံတစ်ဝန်းတွင် ကော်ဖီဆိုင်များ အများအပြား ဖွင့်လှစ်လာစေခဲ့ပြီး ကော်ဖီသောက်သုံးမှု သိသိသာသာတိုးလာစေခဲ့ကြောင်း သိရှိရပါသည်။

ကော်ဖီစေ့တင်သွင်းသည့်အဓိကဒေသဖြစ်သော တရုတ်နိုင်ငံအရှေ့ပိုင်း Jiangsu ပြည်နယ်၌ ကော်ဖီစေ့တင်သွင်းမှု သိသိသာသာ မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။ ၎င်းပြည်နယ်သည် ၂၀၂၃ ခုနှစ်၊ ပထမငါးလအတွင်း တရုတ်ယွမ်ငွေ သန်း (၂၅၀) (အမေရိကန်ဒေါ်လာ ၃၄.၉ သန်း) တန်ဖိုးရှိ ကော်ဖီစေ့ (၈၁၉၃)မက်ထရစ်တန် တင်သွင်းခဲ့ပြီး ယခင်နှစ်ထက် (၆၅)% တိုးတက်လာကြောင်း Nanjing Customs ၏ အချက်အလက်များအရ သိရှိရပါသည်။

လွန်ခဲ့သော နှစ်နှစ်အတွင်း ဘရာဇီး၊ ကိုလံဘီယာနှင့် အီသီယိုးပီးယားတို့မှ ကော်ဖီစေ့များ တင်သွင်းခဲ့သည်ဟု Jiangsu ပြည်နယ်ရှိ Kunshan Yiguo International Trade Co Ltd ၏ မန်နေဂျာ Wang Rui က ပြောကြားခဲ့ပါသည်။ ၎င်းတို့ကုမ္ပဏီသည် ယခုနှစ်၊ ပထမခြောက်လအတွင်း ကော်စတာရီကာနိုင်ငံမှ ကော်ဖီစေ့ (၇၆.၈)တန်ကို ပထမဆုံးအကြိမ်အဖြစ် တင်သွင်းခဲ့ကြောင်းလည်း သိရှိရပါသည်။

GACC သည် ၂၀၂၃ ခုနှစ်၊ ဇွန်လတွင် ဟွန်ဒူးရပ်စ်နိုင်ငံမှ ကော်ဖီစေ့များကို တင်သွင်းခွင့်ပြုပြီးနောက် Wang ၏ ကုမ္ပဏီသည် အနာဂတ်တွင် အမေရိကအလယ်ပိုင်းနိုင်ငံမှ ကော်ဖီစေ့များကို ဝယ်ယူသွားရန် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

ဟွန်ဒူးရပ်စ်နိုင်ငံမှ ကော်ဖီစေ့ရောင်းချသူများသည် တရုတ်နိုင်ငံတွင် ကော်ဖီတင်ပို့ခွင့် လုပ်ငန်းမှတ်ပုံတင်ခြင်းကို လျှောက်ထားရန် ကြိုးပမ်းလျက်ရှိကြောင်း၊ ၎င်းတို့သည် ပို့ကုန်အရည်အသွေးပြည့်မီပါက ကော်ဖီစေ့များကို တရုတ်နိုင်ငံသို့ တိုက်ရိုက်တင်သွင်းနိုင်မည်ဖြစ်ကြောင်း Wang က ပြောကြားခဲ့ပါသည်။

တရုတ်စားသုံးသူများသည် ကော်ဖီထုတ်ကုန်များကို ရွေးချယ်ဝယ်ယူလာခြင်းကြောင့် ကော်ဖီထုတ်လုပ်သောဒေသများသို့ ဈေးကွက်ချဲ့ထွင်ပြီး အရည်အသွေးမြင့် ကော်ဖီများကို တရုတ်ဈေး

Agribusiness & Trade

ကွက်သို့ အထူးသဖြင့် ယန်ဇီမြစ်ဝှမ်းနှင့် ပုလဲမြစ်ဝှမ်းဒေသများတွင် တည်ရှိသောမြို့များသို့ ဖြန့်ဖြူး ပေးမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့ပါသည်။

အဓိကကော်ဖီတင်သွင်း၊ ထုတ်လုပ်သည့် လုပ်ငန်းတစ်ခုဖြစ်သည့် Kunshan သည် ယခုနှစ်၊ ပထမငါးလတွင် ယွမ် (၁၈၅) သန်းတန်ဖိုးရှိ ကော်ဖီစေ့များကို တင်သွင်းခဲ့ပြီး ယခင်နှစ်ထက် (၂၀၆.၅)% တိုးတက်လာသည်ဟု အကောက်ခွန်ဆိုင်ရာအချက်အလက်များက ဖော်ပြထားကြောင်း သိရှိရပါသည်။

မြို့ကြီးများတွင် ကော်ဖီသောက်သုံးမှု မြင့်တက်လာခြင်းအပြင် ဝင်ငွေအလယ်အလတ် စားသုံးသူအုပ်စု များပြားလာခြင်းကြောင့် ကော်ဖီလုပ်ငန်းတွင် အဓိကစားသုံးသူအဖြစ် တရုတ်နိုင်ငံ သည် ဆက်လက်ရှိနေမည်ဖြစ်ကြောင်း ပေကျင်းအခြေစိုက် China National Food Industry Association ၏ ဒုတိယဥက္ကဋ္ဌ Wang Qi က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်ကော်ဖီအမှတ်တံဆိပ်များ၏ ရည်မှန်းချက်မှာ တရုတ်လူမျိုးများ ကြိုက်နှစ်သက် သည့် အရသာနှင့် လိုက်လျောညီထွေရှိသော ကော်ဖီကို ဖန်တီးရန်သာမက ကော်ဖီသောက်သုံးမှု ခေတ်ရေစီးကြောင်းကို ဦးဆောင်ကာ ထူးခြားသော တရုတ်ကော်ဖီယဉ်ကျေးမှုကို ပုံဖော်နိုင်ရန် ဖြစ် ကြောင်းလည်း သိရှိရပါသည်။

တရုတ်နိုင်ငံ၌ ကော်ဖီသောက်သုံးမှုသည် သိသိသာသာမြင့်တက်လာပြီး ပြည်ပမှ ကော်ဖီစေ့ တင်သွင်းမှုမှာ နှစ်စဉ်တိုးတက်လျက်ရှိရာ မြန်မာနိုင်ငံမှ ကော်ဖီစေ့များနှင့် တရုတ်လူမျိုးများ အကြိုက်နှင့်ကိုက်ညီသည့် အသင့်သောက်ကော်ဖီထုပ်များကို တင်ပို့ရောင်းချနိုင်ရေးအတွက် တရုတ် နိုင်ငံ၌ ကျင်းပသော ကုန်စည်ပြပွဲများ၌ ပါဝင်ပြသခြင်းအပြင် ကော်ဖီအစုအဖွဲ့မှ လုပ်ငန်းရှင်များ စုစည်းပြီး တရုတ်နိုင်ငံရှိ ကော်ဖီအဓိကတင်သွင်းသည့်ဒေသများသို့ သွားရောက်၍ တရုတ်လုပ်ငန်း ရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်သင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါသည်။

Source: [www.chinadaily.com.cn/a/202307/19/WS64b74345a31035260b81741a.html](www.chinadaily.com.cn/a/202307/19/WS64b74345a31035260b81741a.html)

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နှင်း

……………………………………………………………………………………………

Agribusiness & Trade

## တရုတ်နိုင်ငံသည် နိုင်ငံတကာကုန်သွယ်ရေးစည်းမျဉ်းများနှင့် လိုက်လျောညီထွေဖြစ်စေရန် ခြေလှမ်းများစတင်နေ

လွတ်လပ်သောကုန်သွယ်ရေးဇုန်များ (Free Trade Zones –FTZs) နှင့် လွတ်လပ်သော ကုန်သွယ်ရေးဆိပ်ကမ်း (Free Trade Port–FTP) တို့ကို အဆင့်မြှင့်တင်ခြင်းဖြင့် တရုတ်နိုင်ငံသည် နိုင်ငံတကာစီးပွားရေးနှင့် ကုန်သွယ်ရေးစည်းမျဉ်းများနှင့် လိုက်လျောညီထွေ ဖြစ်စေရန်ဆောင်ရွက် နေကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် ပေကျင်း၊ ရှန်ဟိုင်း၊ ကွမ်တုန်း၊ တီယန်ကျင်း၊ ဖူကျန့်နှင့် အခြားလွတ်လပ် သောကုန်သွယ်ရေးစမ်းသပ်ဇုန်များနှင့် ဟိုင်နန်လွတ်လပ်သော ကုန်သွယ်ရေးဆိပ်ကမ်းတို့တွင် ပြု ပြင်ပြောင်းလဲမှုများကို ပိုမိုအားကောင်းစေမည့် အစီအမံအသစ်များအား မကြာသေးမီက စတင် ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါအစီအမံများသည် ကုန်စည်ကူးသန်းရောင်းဝယ်ရေးတွင် ဆန်းသစ်တီထွင်မှုကို မြှင့် တင်ရေး၊ ဝန်ဆောင်မှုကုန်သွယ်ရေးကို လွယ်ကူချောမွေ့စေရေး၊ စီးပွားရေးလုပ်ငန်းရှင်များ၏ ယာယီဝင်ရောက်မှုကို အဆင်ပြေချောမွေ့စေရေးနှင့် ဒစ်ဂျစ်တယ်ကုန်သွယ်မှုဖွံ့ဖြိုး တိုးတက်စေရေး တို့အပါအဝင် အဓိကနယ်ပယ်များစွာကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

လွတ်လပ်သောကုန်သွယ်ရေးဇုန်များနှင့်ပတ်သက်သည့် ထိုအစီအမံသစ်များသည် Compre-hensive and Progressive Agreement for Trans-Pacific Partnership (CPTPP) နှင့် Digital Economy Partnership Agreement (DEPA) တို့သို့ တရုတ်နိုင်ငံမှ ဝင်ရောက်နိုင်ရေးအတွက် လက် တွေ့ကျသော အထောက်အပံ့ဖြစ်သည်ဟု ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက်ဝန် ကြီး Chen Chunjiang က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါအစီအမံသစ်များအရ လွတ်လပ်သောကုန်သွယ်ရေးစမ်းသပ်ဇုန်များတွင် လုပ်ငန်း လုပ်ကိုင်နေသော ပြည်ပငွေရေးကြေးရေးအဖွဲ့အစည်းများကို ပြည်တွင်းလုပ်ငန်းများအတွက် ခွင့်ပြု ထားပြီးဖြစ်သည့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းအချို့ကို ဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရှိ ရပါသည်။

ကုန်စည်ကုန်သွယ်မှု အားကောင်းလာစေရန်အတွက် အဆိုပါအစီအမံများကို အကောင် အထည်ဖော်သွားမည်ဖြစ်ပြီး ၎င်းတို့၌ အဓိကစီးပွားရေးလုပ်ငန်းများတွင် ပြန်လည်ထုတ်လုပ်ထား သောကုန်ပစ္စည်းများ တင်သွင်းခြင်းအတွက် စမ်းသပ်စီမံချက်များ၊ ဟိုင်နန်လွတ်လပ်သော ကုန် သွယ်ရေးဆိပ်ကမ်းတွင် ပြုပြင်ပြီးသည့် လေယာဉ်နှင့် ရေယာဉ်များအတွက် အခွန်ကင်းလွတ်ခွင့်နှင့်

Agribusiness & Trade

အထူးသတ်မှတ်ထားသည့် သွင်းကုန်ပစ္စည်းများအတွက် ယာယီအကောက်ခွန်နှင့် အခွန်ကင်းလွတ်ခွင့်တို့ ပါဝင်ပါကြောင်း သိရှိရပါသည်။

ထို့အပြင် စမ်းသပ်ဇုန်များ၌ ရုံးခွဲများ (သို့မဟုတ်) လုပ်ငန်းခွဲများ တည်ထောင်မည့် ပြည်ပလုပ်ငန်းများမှ အကြီးတန်းမန်နေဂျာများအတွက် ယာယီနေထိုင်ခွင့်ကို (၂)နှစ်အထိ သက်တမ်းတိုးခွင့်ပြုမည်ဖြစ်ပြီး ၎င်းတို့၏အိမ်ထောင်ဖက်များနှင့် မိသားစုဝင်များကိုလည်း အလားတူ ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

လွတ်လပ်သောကုန်သွယ်ရေးဇုန်များနှင့်ပတ်သက်သည့် အဆိုပါအစီအမံများသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် အလွန်အရေးပါပြီး ဘဏ္ဍာငွေဆိုင်ရာ ကန့်သတ်ချက်များကို လျှော့ချပေးမည့်အပြင် လုပ်ငန်းများ ရင်ဆိုင်နေရသော ငွေကြေးအခက်အခဲများကို ဖြေရှင်းပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးအတွက် လွတ်လပ်သောကုန်သွယ်ရေးဇုန်များတွင် ပိုမိုကောင်းမွန်သည့် ပြုပြင်ပြောင်းလဲမှု အစီအမံများ ဆောင်ရွက်ခြင်းဖြင့် အဆင့်မြင့်ဖွံ့ဖြိုးတိုးတက်မှုဆီသို့ ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

Source: https://news.cgtn.com/news/2023-07-11/China-moves-to-align-with-high-standard-international-trade-rules-1llYHumR5tK/index.html

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်း

……………………………………………………………………………………………….

Agribusiness & Trade